CBCM ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်
၂၉၂ (က) ပြည်လမ်း၊ စမ်းချောင်း၊ရန်ကုန်မြို့၊ ၁၁၁၁၁။

CATHOLIC BISHOPS' CONFERENCE OF MYANMAR (CBCM)

292 (A) Pyay Road
Sanchaung P.O
YANGON 11111
MYANMAR

G.P.O BOX 1080
(95) - (1) 500398 - Executive Secretary
(95) - (1) 525724 - Procurator
(95) - (1) 525868 - Reception
FAX: (95) - (1) 527198

E-mail: secrcbcm@gmail.com

Ref 034R/2021

**မြန်မာနိုင်ငံကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်(စီဘီစီအမ်)မှ**

**အဖွဲ့အစည်းအသီးသီးအားငြိမ်းချမ်းရေးနှင့်ပြန်လည်ကျေးအေးသင့်မြတ်ခြင်းသို့ဖိတ်ခေါ်ခြင်း**

နေ့စွဲ။ ၂၁.၂.၂၁

ချစ်ခင်လေးစားရပါသော မြန်မာပြည်သူ/သား ညီအစ်ကိုမောင်နှမများနှင့် တာဝန်ရှိပုဂ္ဂိုလ်အပေါင်းတို့

သင်တို့တစ်ဦးစီငြိမ်းချမ်းကြပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

မြန်မာပြည်အနှံ့အပြား သာသနာနယ် (၁၆)ခုရှိ ကက်သလစ်ဆရာတော်ကြီးများမှ တာဝန်ရှိပုဂ္ဂိုလ်များအား လမ်းမပေါ်တွင် ဖမ်းဆီးနှိမ်နင်းနေမှုများကို ရပ်တန့်ပြီး ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ကြရန် အထူး မေတ္တာရပ်ခံလိုပါသည်။ လမ်းမများပေါ်တွင် တစ်နေ့ထက်တစ်နေ့ ပို၍သွေးစွန်းလာနေသည့် မြင်ကွင်းများကြောင့် ဝမ်းနည်းပူဆွေးစိတ်ဖြင့် ဤသို့မေတ္တာရပ်ခံရခြင်းလည်းဖြစ်ပါသည်။ လတ်တလော ဖြစ်ပေါ်နေသည့် ထိတ်လန့် ဝမ်းနည်းဖွယ်ရာ အဖြစ်အပျက်များက ကျွန်ုပ်တို့၏နိုင်ငံကို များစွာကြေကွဲစေခဲ့ပါသည်။

လူငယ်မောင်မယ်များ လမ်းပေါ်တွင် သနားစဖွယ်သေဆုံးကြရခြင်းက နိုင်ငံတော်၏ဝိညာဉ်ကို နာကြင်စေခဲ့ပါပြီ။ ရွှေနိုင်ငံအဖြစ်ထင်ရှားခဲ့သည့် ကျွန်ုပ်တို့နိုင်ငံ၏ သန့်ရှင်းသည့်မြေကို ညီအစ်ကိုတို့၏သွေးဖြင့် မစွန်းစိုစေသင့်ပါ။ သားသမီးတို့ကို သင်္ဂြိုလ်ရသည့် မိဘတို့၏ သောကကို ရပ်တန့်စေသင့်ပါပြီ။ မိခင်တို့၏ ကျေကွဲမျက်ရည်သည် မည်သည့်နိုင်ငံအတွက်မျှ ကောင်းကြီးမင်္ဂလာ မဟုတ်ခဲ့ပါ။

လွန်ခဲ့သည့်လကပင် ငြိမ်းချမ်းသည့် ဒီမိုကရေစီပန်းတိုင်ကို တိုင်းသူပြည်သားများ မျှော်လင့်အိပ်မက် နေခဲ့ကြပါသည်။ ကမ္ဘာ့ကပ်ရောဂါကြားမှပင် ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါသည်။ မတူကွဲပြားခြင်းများကို ခွန်အားဖြစ်စေနိုင်ခဲ့ပြီး ကမ္ဘာ့ကပင် အသိအမှတ်ပြုခဲ့ကြပါသည်။ သို့သော် ယနေ့ တဖန် နိုင်ငံပြိုကွဲမှုအတွက် ကမ္ဘာ့မိသားစုမှ ကျွန်ုပ်တို့နှင့်အတူ ငိုကြွေးကြရပြန်ပါသည်။ ကျွန်ုပ်တို့၏ မျိုးဆက်သစ်များသည် သာလွန်ကောင်းမွန်သော အနာဂတ်နှင့် ထိုက်တန်ကြပါသည်။

သက်ဆိုင်ရာ တာဝန်ရှိအဖွဲ့အစည်း အသီးသီးအား တွေ့ဆုံညှိနှိုင်းဆွေးနွေးကြပါရန် ဆုတောင်းမေတ္တာ အရင်းခံကာ ပန်ကြားအပ်ပါသည်။ ချစ်ခင်ဖော်ရွေ၊ သာယာလှပသည့် အမိမြေတွင် ကျွန်ုပ်တို့၏ ခွန်အားများကို ပြန်လည်ကျေးအေးသင့်မြတ်နိုင်ရန် အသုံးပြုကြပါစို့။ ပြည်လည်ကုစားနိုင်ရန် ဖမ်းဆီးခံထားရသည့် ခေါင်းဆောင်များကို ပြန်လွှတ်ပေးခြင်းဖြင့် စတင်ရပါမည်။

"ပြဿနာကို ငြိမ်းချမ်းစွာ မဖြေရှင်းနိုင်လျှင် မြန်မာနိုင်ငံသည် ကမ္ဘာ့မြေပုံပေါ်မှ ပျောက်ကွယ်သွားနိုင်သည်" ဟူသည့် ရှိသေလေးစားအပ်သော **"မဟာန"** ဆရာတော်ကြီးများ သတိပေးတော်မူသကဲ့သို့ ကျွန်ုပ်တို့ကလည်း တာဝန်ရှိသူများကို ထပ်တူပန်ကြားလိုပါသည်။ တွေ့ဆုံဆွေးနွေးခြင်းဖြင့် ငြိမ်းချမ်းရေးဆောင်ကြဉ်းရန် ဆရာတော်ကြီးများ ပန်ကြားကြသည်ကို ကျွန်ုပ်တို့သဘောတူကြပါသည်။

အကြမ်းဖက်မှုများကို ချက်ခြင်းရပ်တန့်ပေးကြပါ။ အကြမ်းဖက်မှုသည် မည်သည့်အခါမျှ အနိုင်မရကြောင်း အတိတ်ကသတိပေးနေပါသည်။ လွတ်လပ်ရေးရပြီး (၇၂)နှစ်ရှိချိန်တွင် တာဝန်ရှိသူများအနေနှင့် ငြိမ်းချမ်းရေးတွင် ဦးဆောင်မြှုပ်နှံစေလိုပါသည်။ ငြိမ်းချမ်းခြင်း၏ အကျိုးရလဒ်ကသာ အမိမြန်မာကို သက်သာစေပါလိမ့်မည်။ ငြိမ်းချမ်းဖို့ အခွင့်အရေးပေးကြပါ။ ငြိမ်းချမ်းရေးသည် မဖြစ်နိုင်သည့်အရာ မဟုတ်ဘဲ တစ်ခုတည်းသော အဖြေသာ ဖြစ်ပါသည်။

ငြိမ်းချမ်းပါစေကြောင်းဆုမွန်ကောင်းတောင်းလျက်

ကာဒီနယ်ချားလ်စ်ဘို
ဥက္ကဋ္ဌ (စီဘီစီအမ်)
ရန်ကုန်ဂိုဏ်းချုပ်သာသနာ

ဆရာတော်ဂျွန်မန်းဆိန်းဟို
ဒု-ဥက္ကဋ္ဌ (စီဘီစီအမ်)
ပုသိမ်ဂိုဏ်းအုပ်သာသနာ

ဆရာတော်ဂျွန်စောယောဟန်
အတွင်းရေးမှူး (စီဘီစီအမ်)

ဆရာတော်မာကုတင်ဝင်း
မန္တလေးဂိုဏ်းချုပ်သာသနာ

ဆရာတော်ဘာစီးလျို့အားသိုင်
တောင်ကြီးဂိုဏ်းချုပ်သာသနာ

ဆရာတော်ဖေးလစ်လျန်ခင်းထန်
ကလေးဂိုဏ်းအုပ်သာသနာ

ဆရာတော်ရေမွန်ဆွန်လွတ်ဂမ်
ဗန်းမော်ဂိုဏ်းအုပ်သာသနာ

ဆရာတော်ရေမွန်စောဖိုးရေ
မော်လမြိုင်ဂိုဏ်းအုပ်သာသနာ

ဆရာတော်အိုက်ဇက်ခါနု
တောင်ငူဂိုဏ်းအုပ်သာသနာ

ဆရာတော်ပီတာလှ
ဖယ်ခုံဂိုဏ်းအုပ်သာသနာ

ဆရာတော်လူးချီးအုစ်ဟရယ်ကုန်း
ဟားခါးဂိုဏ်းအုပ်သာသနာ

ဖာရ်သာချဲဆိုဘရွှေ
လွိုင်ကော်ဂိုဏ်းအုပ်သာသနာ

ဖာရ်သာပေါလ်လွမ်းဒေါင်
မြစ်ကြီးနားဂိုဏ်းအုပ်သာသနာ

ဆရာတော်အလက်ဇန္ဒားပြုံးချို
ပြည်ဂိုဏ်းအုပ်သာသနာ

ဆရာတော်ဂျတ်စတင်စောမင်းသိုက်
ဘားအံဂိုဏ်းအုပ်သာသနာ

ဆရာတော်ဂျွန်စောဂေါဒီ
တောင်ငူဂိုဏ်းအုပ်သာသနာ

ဆရာတော်လူးကပ်စ်ဒေါင်ဇေ
လားရှိုးဂိုဏ်းအုပ်သာသနာ

ဆရာတော်နိုဝယ်စောနော်အေး
ရန်ကုန်ဂိုဏ်းချုပ်သာသနာ

ဖာရ်သာပီတာအားနွေ
ကျိုင်းတုံဂိုဏ်းအုပ်သာသနာ